# လပွတ္တာခရိုင်အတွင်းရှိရေလုပ်သားတို့၏
# ရှင်သန်ရပ်တည်မှုအခြေအနေ



Citizen Action For Transparency

# မာတိကာ

**မိတ်ဆက်** ..... 2

**နောက်ခံအကြောင်းရင်း** ..... 3

**ရည်ရွယ်ချက်** ..... 4

**တွေ့ရှိချက်များ** ..... 4

**ဇယား-၁။ ဖမ်းဆီးရရှိသော နှင့် ရှားပါးလာသောငါးမျိုးစိတ်စာရင်း** ..... 13

**အကြံပြုတိုက်တွန်းချက်များ** ..... 16

# မိတ်ဆက်

Citizen Action for Transparency (CAfT Myanmar) သည် စစ်အာဏာသိမ်းကာလအတွင်း မြန်မာ့ရေလုပ်ငန်းနှင့် ရေလုပ်သားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးအခြေအနေများ သိရှိနိုင်ရန် ရခိုင်ပြည်နယ် ငပလီကမ်းရိုးတန်းတလျှောက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပင်လယ်ကမ်းခြေရှိ ရေလုပ်ငန်း၊ ရေလုပ်သားများ၏ စီးပွားရေးနှင့် လူမှုဘဝအခြေအနေများကို လေ့လာမှတ်တမ်းတင်ခဲ့ပြီး ရရှိသော အချက်အလက်များအပေါ် အခြေခံ၍ သုတေသနမှတ်တမ်းနှစ်စောင် ပြုစုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထုတ်ဝေပြီးသော မှတ်တမ်းနှစ်စောင်သည် ရေငန်ငါးဖမ်းလုပ်ငန်းများနှင့် ပတ်သက်သော အချက်အလက်များကို ကောက်ယူထုတ်ဝေခဲ့ခြင်းဖြစ်သောကြောင့် ရေချိုငါးဖမ်းလုပ်ငန်း (သို့မဟုတ်) ရေချိုရေငန်စပ်နေရာရှိ ငါးဖမ်းလုပ်ငန်းများနှင့်ပတ်သက်၍ ထပ်မံကောက်ယူရန် ဆုံးဖြတ်ခဲ့ပါသည်။ ယခုပြုစုထုတ်ဝေသော သုသေတနစာစောင်သည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ ရေချိုရေငန်ထိစပ်ဒေသရှိ ငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်သားများ၏ လူမှုစီးပွားဘဝအခြေအနေတို့ကို လေ့လာဆန်းစစ်ပြီး ကောက်ယူရရှိသော အချက်အလက်များအပေါ်အခြေခံ၍ ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။

# နောက်ခံအကြောင်းရင်း



မြန်မာနိုင်ငံတွင် ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်းသည် အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကြောင်းမှုများအတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ ရေငန်ငါးဖမ်းလုပ်ငန်းသည် ပင်လယ်တွင်းနှင့် ပင်လယ်ကမ်းခြေတလျှောက် စီးပွားဖြစ်လုပ်ကိုင်သော ငါးဖမ်းလုပ်ငန်းဖြစ်ပြီး ရာသီအလိုက်သော်လည်းကောင်း၊ ရေအစဉ်အမြဲရှိသော မြစ်ချောင်း၊ အင်း၊ အိုင်၊ ကန်များတွင် စီးပွားဖြစ်ငါးဖမ်းခြင်းသည် ရေချိုငါးဖမ်းလုပ်ငန်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပင်လယ်နှင့်ထိစပ်ပြီး ရှည်လျားသောကမ်းရိုးတန်းများ ပိုင်ဆိုင်ထားခြင်းနှင့် မြစ်ကြီးလေးစင်းအပါအဝင် မြစ်ချောင်းအင်းအိုင်ပေါများသော နိုင်ငံဖြစ်သောကြောင့် ရေငန်နှင့် ရေချိုငါးဖမ်းလုပ်ငန်းနှစ်မျိုးစလုံး လုပ်ကိုင်ပြီး ထိုလုပ်ငန်းနှစ်ခုစလုံးသည် နိုင်ငံ၏စီးပွားရေး၊ ရိက္ခာဖူလုံရေးနှင့် ကျေးလက်အသက်မွေးဝမ်းကြောင်းမှုအတွက် အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်သည်။ ထို့အပြင် ရေငန်နှင့်ရေချိုထိစပ်သောနေရာတွင် ပေါက်ဖွားသော ရေငန်ရေချိုစပ်ငါးများကို ဖမ်းဆီးသည့် ငါးဖမ်းလုပ်ငန်းသည်လည်း အရေးပါသော ငါးဖမ်းလုပ်ငန်းဖြစ်သည်။ ထိုဒေသတွင် အဓိကဖမ်းဆီးရရှိသော ငါးသလောက်သည် မြန်မာလူမျိုးများ နှစ်သက်စွာ စားသုံးကြပြီး ဈေးကွက်တွင် ဝယ်လိုအားကောင်းမွန်သော ငါးအမျိုးအစားဖြစ်သည်။ ထို့အပြင် ထိုဒေသရှိ ရေလုပ်သားများသည် ငါးဖမ်းလုပ်ငန်းအပြင် ရေလုပ်ငန်းနှင့်ဆက်စပ်နေသော ပိုက်ရက်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ ပိုက်ရက်ခြင်းလုပ်ငန်းကို အမျိုးသမီးများက လုပ်ကိုင်ကြပြီး အခြားဒေသရှိ ရေလုပ်သားများက လာရောက်အပ်နှံသော ငါးဖမ်းပိုက်များကို ရက်လုပ်ခြင်းဖြစ်သည်။ ဤလုပ်ငန်းသည် ၎င်းတို့မိသားစုဝမ်းစာအား အတော်အတန်ဖူလုံစေသောကြောင့် ပိုက်ရက်လုပ်ငန်းသည် ငါးဖမ်းလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သော တပိုင်တနိုင် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်းတွေ့ရသည်။ ဤအချက်သည် အခြားဒေသရှိ ရေလုပ်သားများနှင့် ကွဲပြားသောအချက်ဖြစ်သည်။ ထို့အပြင် ဤဒေသရှိ ရေလုပ်သားများသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော လယ်/ခြံလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ တွေ့ရှိချက်များအား ခြုံငုံကြည့်လျှင် ဤဒေသရှိ ရေလုပ်ငန်းနှင့် ရေလုပ်သားများ၏ အလုပ်အကိုင်နှင့် စီးပွားရေးလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်း အခြားဒေသရှိ ရေလုပ်ငန်းများ၊ ရေလုပ်သားများနှင့် အနည်းငယ်ကွဲပြားမှုရှိကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည်။

# ရည်ရွယ်ချက်

ရေလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး၊ အလုပ်အကိုင်နှင့် လုပ်သားအင်အားအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေသော်လည်း မြန်မာ့ရေလုပ်ငန်းသည် လုပ်ငန်းတွင်းစိန်ခေါ်မှု (အလွန်အကျွံငါးဖမ်းခြင်း)၊ လုပ်ငန်းပြင်ပစိန်ခေါ်မှု (ရေပြင်နှင့်မြေပြင်အသုံးချခြင်း) များနှင့် ရင်ဆိုင်နေရသည့်အပြင် လုပ်ငန်းသွင်းအားစုတစ်ခုဖြစ်သော လောင်စာဆီဈေးနှုန်းသည် ယခုအခါ အဆမတန်မြင့်တက်လာရာ ဤအခြေအနေသည် မြန်မာ့ရေလုပ်ငန်းနှင့် ရေလုပ်သားများ၏ ရှင်သန်ရပ်တည်မှုအား တဖြည်းဖြည်း ချည့်နဲ့လာစေသည်။ တပြိုင်နက်တည်းမှာပင် အခြေခံစားသောက်ကုန်ဈေးနှုန်းများလည်း မြင့်တက်လာခြင်းက ရေလုပ်သားများ၏ စားဝတ်နေရေးနှင့် လူမှုဘဝများကို ပိုမိုနိမ့်ကျသော အလွှာသို့ဆွဲချနေသည်။ စစ်ကောင်စီအုပ်ချုပ်သောကာလတွင် ငါးလုပ်ငန်းဥပဒေပြုပြင်ပြောင်းလဲမှုမရှိခြင်း၊ စီမံခန့်ခွဲမှုပုံစံပြောင်းလဲမှုမရှိခြင်း၊ ငါးထုတ်လုပ်မှုတိုးတက်လာစေရန် ဆောင်ရွက်မှုမရှိခြင်း စသည်တို့ကလည်း ရေလုပ်ငန်းနှင့် ရေလုပ်သားများအတွက် ပိုမိုကောင်းမွန်သော အခြေအနေသို့ တက်လှမ်းနိုင်ရန် ခက်ခဲစေသော အတားအဆီးကြီးအဖြစ် တည်ရှိနေသည်။ ဤအခြေအနေများအား မြန်မာပြည်သူများ သိမြင်နိုင်စေရန် CAfT Myanmar အနေဖြင့် ဤသုတေသနစာတမ်းအား ပြုစုရေးသားခဲ့ပါသည်။ ထို့အပြင် CAfT Myanmar အနေဖြင့်

၁။ မြန်မာ့ရေလုပ်ငန်းနှင့် ရေလုပ်သားများ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များ သိမြင်နိုင်စေရန်

၂။ ရေသယံဇာတနှင့် ရေလုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များကို သာတူညီမျှခွဲဝေသုံးစွဲခွင့်ရရှိရန်

၃။ ရေသယံဇာတများ ရေရှည်တည်တံ့စွာဖြစ်ပေါ်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း စွမ်းရည်မြင့်ဆောင်ရွက်ရန် အခွင့်အလမ်းများနှင့် အသိပညာပေးခြင်းများ

၃။ အခြားအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ရေလုပ်သားများ ဆင်းရဲနွမ်းပါးမှုပပျောက်စေပြီး ရေရှည်တည်တံ့သော လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေခြင်း


၄။ သက်ရှိရေနေသတ္တဝါများ ပွားများရှင်သန်နေထိုင်နိုင်သော သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးထိန်းသိမ်းထားခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများမပျောက်ပျက်စေရန် ဆောင်ရွက်ခြင်း

၅။ ရေသယံဇာတများ ထုတ်ယူသုံးစွဲခြင်းဖြင့် လူမှုအဆင့်အတန်းပိုမိုမြင့်မားလာစေပြီး သာယာဝပြောသော လူ့ဘောင်သို့တက်လှမ်းနိုင်စေရန် စသည့်အချက်များ ရရှိခံစားနိုင်ရန်လည်း မျှော်မှန်းပါသည်။

# တွေ့ရှိချက်များ


CAfT Myanmar မှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ အတွင်းရှိ ကျေးရွာ (၆) ရွာတွင် သုတေသနအတွက် အချက်အလက်များ ကောက်ယူခဲ့ပါသည်။

ထိုကျေးရွာများသည် ရေလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကြောင်းပြုလုပ်ကြပြီး စုစုပေါင်း လူနေအိမ်ခြေ (၇၆၈) လုံးခန့် ရှိသည်။ ကျေးရွာ (၆) ရွာ အတွင်းနေထိုင်ကြသော ရေလုပ်သားများ၏ လူမှုစီးပွားဘဝကိုလေ့လာနိုင်ရန်အတွက် အမျိုးသား ၆၃ ဦး (၄၅ ရာခိုင်နှုန်း) နှင့် အမျိုးသမီး ၇၇ ဦး (၅၅ ရာခိုင်နှုန်း) စုစုပေါင်း ၁၄၁ ဦးကို တစ်ဦးခြင်း တွေ့ဆုံမေးမြန်းခဲ့ပါသည် (ပုံ-၁)။





ပုံ-၁။ တွေ့ဆုံမေးမြန်းခဲ့သောကျား/မ ဦးရေ (ရာခိုင်နှုန်း)

ဖြေဆိုသူများအနက် အိမ်ထောင်ဦးစီးကိုယ်တိုင် ဖြေဆိုမှု (၄၉ ရာခိုင်နှုန်း)၊ ဇနီးဖြစ်သူများ၏ ဖြေဆိုမှု (၄၄ ရာခိုင်နှုန်း) နှင့် သား/သမီးများလာရောက်ဖြေဆိုမှု (၇ ရာခိုင်နှုန်း) ရှိခဲ့ပါသည်။ အိမ်ထောင်ဦးစီးအများစုသည် ရေလုပ်သားများဖြစ်ကြပြီး၊ အမျိုးသမီးများ၊ သား/သမီးများမှာ ပိုက်ထိုး/ပိုက်ရက်(ငါးဖမ်းပိုက်)လုပ်ငန်း နှင့် သားများသည်လည်း ရေလုပ်ငန်း လုပ်ကိုင်ကြပါသည် (ပုံ-၂)။





ပုံ-၂။ အိမ်ထောင်ဦးစီး၊ ဇနီး နှင့် သား/သမီးများ လာရောက်ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)

ဖြေဆိုသူများအနက် အသက်အပိုင်းအခြားအရ ၁၈ နှစ်အောက် (၂ ရာခိုင်နှုန်း)၊ ၁၈-၃၀နှစ်အတွင်း (၁၀ရာခိုင်နှုန်း)၊ ၃၀-၅၀ နှစ်အတွင်း (၅၀ ရာခိုင်နှုန်း)၊ ၅၁-၆၂ နှစ်အတွင်း (၂၁ ရာခိုင်နှုန်း)၊ ၆၂ နှစ်အထက် (၁၀ ရာခိုင်နှုန်း) ရှိကြောင်း မှတ်တမ်းတင် နိုင်ခဲ့ပါသည်။ ၁၈ နှစ်အောက် ဖြေဆိုသူများမှာ ၎င်းတို့၏ မိဘများနှင့်အတူ ရေလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နေကြပြီးဖြစ်ပါသည် (ပုံ-၃)။




ပုံ-၃။ ဖြေဆိုသူတို့၏အသက်အပိုင်းအခြားနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)


ဖြေဆိုသူများအနက် စာလုံးဝမသင်ခဲ့ရသူ (၂ ရာခိုင်နှုန်း)၊ ဘုန်းကြီးကျောင်းပညာရေးသင်ကြားခဲ့ရသူ (ဘက) (၇ ရာခိုင်နှုန်း)၊ မူလတန်းပညာ (Grade1-5) သင်ကြားခဲ့ရသူ (၅၄ ရာခိုင်နှုန်း)၊ အလယ်တန်းပညာ (Grade 6-9) သင်ကြားခဲ့ရသူ (၃၀ ရာခိုင်နှုန်း)၊ အထက်တန်းပညာ (Grade10-12) သင်ကြားခဲ့ရသူ (၅ ရာခိုင်နှုန်း)၊ အဆင့်မြင့်ပညာ (အထက်တန်းအောင်မှတ်ပွဲရ) သင်ကြားခဲ့ရသူ (၂ ရာခိုင်နှုန်း)၊ ပါဝင်ကြောင်းတွေ့ရှိရပါသည်။ မူလတန်းပညာ သင်ကြားခဲ့ရသူရာခိုင်နှုန်းမှာ အများဆုံးဖြစ်ပြီး တဖြည်းဖြည်း နည်းပါးသွားရာ အဆင့်မြင့်ပညာ သင်ကြားခဲ့ရသူမှာ အနည်းဆုံးဖြစ်သည်။ အထက်ပါ တွေ့ရှိချက်များအရ ပညာရေးတွင် အားနည်းနေသေးကြောင်းကိုလည်း မှတ်တမ်းတင် နိုင်ခဲ့ပါသည်။ လူတွေ့မေးမြန်းချက်အရလည်း မိသားစု အားလုံးနီးပါးတွင် မူလတန်း ပညာသင်ကြားနေသော ကျောင်းသား/သူ များရှိကြပါသည် (ပုံ-၄)။




ပုံ-၄။ ဖြေဆိုသူတို့၏ ပညာသင်ကြားခဲ့ရမှု နှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)




အသက်မွေးဝမ်းကြောင်းလုပ်ငန်း အနေဖြင့် ပိုက်ရက်လုပ်ငန်းလုပ်ကိုင်သူ (၂ ရာခိုင်နှုန်း)၊ ရေလုပ်ငန်းလုပ်ကိုင်သူ (၁၉ ရာခိုင်နှုန်း)၊ ရေလုပ်ငန်းနှင့် ပိုက်ရက်လုပ်ငန်း လုပ်ကိုင်သူ (၁၇ ရာခိုင်နှုန်း)၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်း (ကြုံရာအလုပ်လုပ်ကိုင်ခြင်း၊ တနည်းအားဖြင့် ဘောက်လုပ်ခြင်း) လုပ်ကိုင်သူ (၂၂ ရာခိုင်နှုန်း)၊ ရေလုပ်ငန်းနှင့် လယ်/ခြံလုပ်ငန်းလုပ်ကိုင်သူ (၂၇ ရာခိုင်နှုန်း)၊ ရေလုပ်ငန်း၊ ပိုက်ရက်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ (၉ ရာခိုင်နှုန်း) နှင့် ရေလုပ်ငန်း၊ ပိုက်ရက်လုပ်ငန်း၊ လယ်/ခြံလုပ်ငန်း လုပ်ကိုင်သူ (၄ ရာခိုင်နှုန်း) တွေ့ရှိခဲ့ပါသည်။ တွေ့ရှိချက်များအရ ဖြေဆိုသူများသည် အသက်မွေးဝမ်းကြောင်း တစ်မျိုးထဲလုပ်ကိုင်သူဦးရေ နည်းပြီး တစ်မျိုးမကသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေး အတွက် ရင်ဆိုင်ဖြေရှင်းနေရသည်ကိုလည်း တွေ့ရှိခဲ့ပါသည် (ပုံ-၅)။





ပုံ-၅။ ဖြေဆိုသူတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း အမျိုးအစားများနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)

ဖြေဆိုသူတို့၏ မိသားစုဝင် အရေအတွက်မှာ ၁-၅ ယောက်အတွင်းရှိသူဦးရေမှာ အများဆုံး (၈၇ ရာခိုင်နှုန်း) ဖြစ်ပြီး၊ ၆-၁၀ယောက်အထိရှိသူဦးရေမှာ (၁၂ ရာခိုင်နှုန်း) နှင့် ၁၀ယောက်အထက်ရှိသူမှာ အနည်းဆုံး (၁ ရာခိုင်နှုန်း) ဖြစ်သည်ကို တွေ့ရှိခဲ့ရပါသည် (ပုံ-၆)။





ပုံ-၆။ ဖြေဆိုသူတို့၏ မိသားစုဝင် အရေအတွက် နှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)


ဖြေဆိုသူများနေထိုင်သော အိမ်အခြေအနေကိုလေ့လာကြည့်ရာတွင် အားလုံးနီးပါး မြေအပိုင်၊ အိမ်အပိုင် ရှိကြပြီး အနည်းငယ်သာ အိမ်ငှားအဖြစ် နေထိုင်ကြပါသည်။ အချို့မှာ အခြားသူများ၏ ခြံထဲတွင် (သို့မဟုတ်) မိဘများ၏ခြံထဲတွင် ကိုယ်ပိုင်အိမ်အဖြစ် ဆောက်လုပ်နေထိုင်ကြသည်။ အိမ်အများစု၏ အခင်းမှာ သစ် (ပျဉ်) ခင်း (၈၆ ရာခိုင်နှုန်း) ဖြစ်ပြီး အင်္ဂတေခင်း (၁၀ ရာခိုင်နှုန်း) နှင့် ဝါးခင်း (၄ ရာခိုင်နှုန်း) ကိုလည်း တွေ့ရှိခဲ့ပါသည် (ပုံ-၇)။ အိမ်အကာအနေဖြင့် ထရံကာ (ဝါးထရံ) အများဆုံး (၇၃ ရာခိုင်နှုန်း) တွေ့ရှိရပြီး ပျဉ်အကာ (၁၁ ရာခိုင်နှုန်း)၊ ဓနိအကာ နှင့် အုတ်အကာ (၈ ရာခိုင်နှုန်း) စီ အသီးသီးမှတ်တမ်းတင်နိုင်ခဲ့ပါသည် (ပုံ-၈)။ အိမ်အမိုးများမိုးထားသည်ကို လေ့လာကြည့်ရာတွင် သွပ်မိုး အများဆုံး (၆၈ ရာခိုင်နှုန်း) တွေ့ရပြီး ဓနိ/သက်ကယ်မိုးသောအိမ်မှာ (၃၂ ရာခိုင်နှုန်း) တွေ့ရှိခဲ့ပါသည် (ပုံ-၉)။ ထို့အပြင် အိမ်အတွင်းအခန်းဖွဲ့စည်းထားမှုအနေဖြင့် အခန်းလုံးဝဖွဲ့စည်းထားခြင်းမရှိသောအိမ် (၃၆ ရာခိုင်နှုန်း)၊ ၁ ခန်း ဖွဲ့စည်းထားသောအိမ် (၄၆ ရာခိုင်နှုန်း)၊ ၂ ခန်း ဖွဲ့စည်းထားသောအိမ် (၁၄ ရာခိုင်နှုန်း)၊ ၃ ခန်း ဖွဲ့စည်းထားသောအိမ် (၄ ရာခိုင်နှုန်း) မှတ်တမ်းတင်နိုင်ခဲ့ပါသည် (ပုံ-၁၀)။





ပုံ-၇။ ဖြေဆိုသူတို့၏ အိမ်အခင်းနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)




ပုံ-၈။ ဖြေဆိုသူတို့၏ အိမ်အကာနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)





ပုံ-၉။ ဖြေဆိုသူတို့၏ အိမ်အမိုးနှိုင်းယှဉ်ချက် (ရခိုင်နှုန်း)




ပုံ-၁၀။ ဖြေဆိုသူတို့၏ အိမ်အတွင်းအခန်းဖွဲ့စည်းထားမှု အရေအတွက်နှိုင်းယှဉ်ချက် (ရခိုင်နှုန်း)

တွေ့ဆုံမေးမြန်းခဲ့သူများ၏ မိသားစုအတွင်း ရပ်ဝေးဒေသ (ရန်ကုန်) သို့ပြောင်းရွှေ့လုပ်ကိုင်သူ ၁၉ ဦး ရှိပြီး လွန်ခဲ့သော ၅ နှစ်ကျော်မှ စတင်ပြောင်းရွှေ့လုပ်ကိုင်သူ ၄ ဦး (၁၉ ရခိုင်နှုန်း) ၊ ၁ နှစ်မှ ၅ နှစ်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူ ၁၂ ဦး (၆၅ ရခိုင်နှုန်း) နှင့် ၁ နှစ်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူ ၃ ဦး (၁၆ ရခိုင်နှုန်း) ရှိပါသည်။ ပြည်ပသို့ ပြောင်းရွှေ့လုပ်ကိုင်သူ မရှိကြသေးပါ။ ပြောင်းရွှေ့လုပ်ကိုင်သူအားလုံးသည် မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် ပြောင်းရွှေ့လုပ်ကိုင်ကြရပြီး ရရှိသောဝင်ငွေမှ ၁ လတစ်ကြိမ် သို့မဟုတ် ၃ လတစ်ကြိမ် မိသားစုထံသို့ ၁ သိန်းမှ ၃ သိန်းအထိပေးပို့ကြပြီး မိသားစုဝင်များ၏ အိမ်စားရိတ်၊ ပညာရေး၊ ကျန်းမာရေး၊ ရင်းနှီးမြုပ်နှံခြင်းနှင့် အခြားကိစ္စများ လုပ်ဆောင်ရန် ပြန်လည်သုံးစွဲကြပါသည် (ပုံ-၁၁ )။




ပုံ- ၁၁။ နှစ်အပိုင်းအခြားအလိုက် ပြောင်းရွှေ့လုပ်ကိုင်သူဦးရေ (ရာခိုင်နှုန်း)

ၾငင်းဒေသရှိ ရေလုပ်သားများအနေဖြင့် ရေလုပ်ငန်းလိုင်စင်ခွန်ကို မြို့နယ်ငါးဦးစီးဌာနသို့ တစ်ရာသီတွင် ၅၀၀၀-၆၀၀၀ ကျပ်ခန့် ပေးဆောင်ရပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း သွားရောက်ပေးဆောင်ကြရသည်။ ကိုယ်စားဆောင်ပေးသူများအား လိုင်စင်ခွန် အပြင် အပိုဆောင်း ထပ်ပေးရသော ငွေကြေးလည်းရှိသည်။ သို့ဖြစ်၍ လိုင်စင်ခွန်အတွက် စုစုပေါင်းကုန်ကျငွေမှာ ၅၀၀၀-၁၀၀၀၀ကျပ်ခန့် ရှိပါသည်။ စက်တပ်ထားသော စက်လှေများအတွက်လည်း လှေလိုင်စင်ဆောင်ရပြီး လက်ဖြင့်လှော်ရသော လှေများသည် အခွန်းပေးဆောင်ရန်မလိုပါ။


ရေလုပ်သားများမှာ မြန်မာလ တော်သလင်းလ (စက်တင်ဘာလ) မှစတင်၍ ငါးဖမ်းကြပြီး တန်ခူးလ (ဧပြီလ) အထိဖမ်းဆီးကြပြီး ငါးသားပေါက်ရာသီဖြစ်သော မေလ၊ ဇွန်လ နှင့် ဇူလိုင်လ တို့တွင် ငါးဦးစီးဌာန၏ တားမြစ်ချက်အရ ဖမ်းဆီးခြင်းမရှိပါ။ ထို့အပြင် လွန်ခဲ့သောနှစ်မှ စတင်ကာ တစ်လ (ဩဂုတ်လ) ထပ်တိုးပြီး ငါးဖမ်းခွင့် ပိတ်ပင်ထားကြောင်း သိရပါသည်။ ထို့ကြောင့် ငါးမဖမ်းရ ဟုသတ်မှတ်ထားသော ကာလ၌ စားဝတ်နေရေးအတွက် ကိုယ်ပိုင်လယ်လုပ်ခြင်း၊ လယ်အငှားလိုက်ခြင်း၊ ခြံလုပ်ခြင်း၊ ပိုက်ရက်ခြင်း နှင့် အခြား ကြုံရာကျဘမ်း အလုပ်များလုပ်ကိုင်ကြပါသည်။ အသုံးပြုကြသော ငါးဖမ်းကိရိယာများမှာ ငါးသလောက်ပိုက်၊ ငါးပုတ်သင်ပိုက်၊ ငါးပုဏ္ဏားပိုက်နှင့် ဘဝင်းပိုက်များ အသုံးပြု၍ ဖမ်းဆီးကြသည်။ ဖမ်းဆီးရရှိသော ငါးများမှာ ငါးသလောက်၊ ငါးပုတ်သင်၊ ငါးပုဏ္ဏား၊ ငါးတန်၊ ငါးခေါင်းပွ၊ ကကတစ်၊ ငါးဖယ်အောင်း၊ ငါးဇင်ရိုင်း၊ ပုဇွန်၊ ငါးဗျက် နှင့် ငါးခုံးမ တို့ဖြစ်ကြသည်။ ငါးမြင်းနှင့် ငါးထွေ ငါးများမှာ ယခင်က ဖမ်းဆီးရရှိပြီး ယခုနှစ်ပိုင်းတွင် ရှားပါးသွားပြီး ဖမ်း၍မမိတော့ချေ (ဇယား-၁)။

## ဇယား-၁။ ဖမ်းဆီးရရှိသော နှင့် ရှားပါးလာသောငါးမျိုးစိတ်စာရင်း

| စဉ် | ဖမ်းဆီးရရှိသောငါးများ | | |
|---|---|---|---|
| | (သိပ္ပံနာမည်) | ယေဘူယျအခေါ် | ဒေသအခေါ် |
| ၁ | *Tenualosa ilisha* | Hilsa shad | ငါးသလောက် |
| ၂ | *Otolithoides pama* | Long finned croaker | ငါးပုတ်သင် |
| ၃ | *Polynemus paradiseus* | Paradiseus threadfin | ငါးပုဏ္ဏား |
| ၄ | *Pangasius pangasius* | Pangas catfish | ငါးတန် |
| ၅ | *Catla catla* | Catla | ငါးခေါင်းပွ |
| ၆ | *Laties calcarifer* | Sea bass | ကကတစ် |
| ၇ | *Osteobrama belangeri* | Manipur osteobrama | ငါးဖယ်အောင်း |
| ၈ | *Mystus* spp. | Striped dwarf cat fish | ငါးဇင်ရိုင်း |
| ၉ | *Trypauchen vagina* | Burrowing goby | ငါးဖျက် |
| ၁၀ | *Puntius* spp. | Barb | ငါးခုံးမ |
| ၁၁ | *Macrobrachium rude* | Hairy river prawn | ပုဇွန် |
| ရှားပါးလာသောမျိုးစိတ်များ | | | |
| ၁ | *Silonia silondia* | Silond cat fish | ငါးမြင်း |
| ၂ | *Rita rita* | Bagrid cat fish | ငါးတွေ |

ရေလုပ်သားအများစုမှာ ပုံမှန်ငါးဖမ်းထွက်နေသော်လည်း ဖမ်းဆီးရရှိသော ငါးပမာဏမှာ လွန်ခဲ့သော ၅ နှစ်ကထက် လျော့ပါးလာကြောင်း တွေ့ရှိခဲ့ရသည်။ အချို့ရေလုပ်သားများမှာမူ ယခင်က တစ်ရက်လျှင် ၂ကြိမ် ပိုက်ချ (ငါးဖမ်း) ထွက်သော်လည်း ယခုအခါ စက်လှေဆီ( လောင်စာဆီ ) စျေးမြင့်တက်မှုကြောင့် တစ်ရက်လျှင် တစ်ကြိမ်သာ ပိုက်ချ ထွက်ကြသည်။ ငါးများကို ရောင်းချရာ၌ မြို့ပေါ်ရှိပွဲရုံများသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ရွာမှမြို့ပေါ်သို့ပြေးဆွဲနေသော စက်လှေများ (လိုင်းကောင်) နှင့် တင်ပေး၍သော်လည်းကောင်း ရောင်းချကြသည်။ လိုင်းကောင်နှင့်တင်ပေးရာတွင် ငါးအနည်းအများအလိုက်သော်လည်းကောင်း၊ ရောင်းရငွေ အနည်းအများအလိုက်သော်လည်းကောင်း စက်လှေ ပိုင်ရှင်အား ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်ထိ အသီးသီးပေးရပါသည်။ ထည့်ပေးလိုက်သောငါးများ မှားယွင်းမှုမရှိစေရန် ငါးအလေးချိန် နှင့် ငါးပိုင်ရှင်အမည်တို့ကို စာရွက်ထဲတွင်ရေးသားပြီး ငါးပါးစပ်ထဲသို့ ထည့်ပေးလိုက်ရကြောင်းကိုလည်း သိရှိရပါသည်။ ငါးရောင်းချရသောစျေးနှုန်းမှာ မနှစ်ကထက် စျေးအနည်းငယ်ပိုရသော်လည်း ငါးဖမ်းစက်လှေတွင်အသုံးပြုရသော လောင်စာဆီစျေးနှုန်းမှာ မနှစ်ကထက် များစွာမြင့်တက်လာကြောင်းကိုလည်း တွေ့ရှိခဲ့ရပါသည်။ ရေလုပ်သားအများစုမှာ ပိုက်တစ်ဖုံ လှေတစ်စီး ပိုင်ဆိုင်ကြပြီး အချို့မှာ ပိုက်နှစ်ဖုံ ပိုင်ဆိုင်ကြပါသည်။ ပိုက်အမျိုးအစားအလိုက် ပိုက်တစ်ဖုံပြုလုပ်လျှင် ကျပ် ၅ သိန်းမှ ၂၀ သိန်းထိ အသီးသီး ကုန်ကျပါသည်။ အချို့ရေလုပ်သားများမှာ ငွေတိုးဖြင့်ချေးငှား၍ ပိုက်လုပ်ထားသော်လည်း အခုအချိန်ထိ ပိုက်ဖိုးကျေအောင် ငါးဖမ်းဆီးရရှိမှု မရှိသေးပါ။ ထို့အပြင် ယခုနှစ်တွင် ရေလုပ်သားများသည် ဓါတ်ဆီစျေးကြီးမြင့်ခြင်း၊ ပိုက်ထဲ၌ငါးမတိုးခြင်း၊ စက်ပစ္စည်းစျေးတက်ခြင်း၊ ကုန်စျေးနှုန်းမြင့်မားလာခြင်း၊ လူငှားခ (ငါးဖမ်းလှေပေါ်၌လူငှားခေါ်ရခြင်း) စျေးကြီးလာခြင်း၊ ညမထွက်ရအခက်အခဲရှိခြင်း၊ ဝင်ငွေထွက်ငွေမမျှခြင်း၊ လှေဦးစီးမရှိလို့ခက်ခဲခြင်း၊ တစ်လတိုးပိတ်သဖြင့်

ငါးဖမ်းရခက်ခဲခြင်း စသည့်အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရပါသည်။ ဤအခက်အခဲမျိုးစုံကြောင့် ၅ ကျပ်မှ ၁၀ ကျပ် အတိုးဖြင့်ငွေချေးယူပြီး ဖြေရှင်းနေရသော ရေလုပ်သားဦးရေမှာ ၅၇ ရာခိုင်နှုန်း နှင့် ချေးငွေမချေးရသော ရေလုပ်သားမှာ ၄၃ ရာခိုင်နှုန်းရှိပါသည် (ပုံ-၁၂)။




ပုံ-၁၂။ ဖြေဆိုသူများအနက် ချေးငွေရှိ/မရှိ နှိုင်းယှဉ် ဖော်ပြချက် (ရာခိုင်နှုန်း)



ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့်ပတ်သက်၍ ထိုကျေးရွာ ၆ ရွာများမှ ပြုလုပ်ခြင်းမရှိကြသော်လည်း တခါတရံအနီးအနားရွာများမှ လာရောက်၍ ကျင်စက်ဖြင့်တို့ခြင်း၊ ဆေးချခြင်းနှင့် ပိုက်ဆွဲသမားများလာရောက်၍ ငါးများဖမ်းဆီးကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖမ်းဆီးခြင်းကြောင့် ငါးအရနည်းကာ ငါးမျိုးပြုန်းတီးသွားနိုင်ကြောင်း၊ ငါးကြီးများ ရှားပါးလာနိုင်ကြောင်းကိုလည်း ဒေသခံရေလုပ်သားများက ပြောကြားခဲ့ပါသည်။ ဖမ်းဆီးခွင့်မပြုသော ငါးအမျိုးအစားဟူ၍ သတ်မှတ်ထားခြင်းမရှိသော်လည်း လင်းရှူးကဲ့သို့သော ငါးများကို မဖမ်းကြပါ။ ထိုကျေးရွာများတွင် ဈေးကွက်၊ အရင်းအနှီး၊ နည်းပညာ၊ အခက်အခဲများကို ဖြေရှင်းပေးသော အဖွဲ့အစည်းမရှိသေးဘဲ ရေလုပ်သားအဖွဲ့သာရှိသည်။ ထိုရေလုပ်သားအဖွဲ့၏ အမည်နှင့် စတင်ဖွဲ့စည်းခဲ့သောခုနှစ်ကို သိရှိသူမှာ လွန်စွာနည်းပါးသကဲ့သို့ ထောက်ပံ့မှု ရရှိသူမှာလည်း နည်းပါးလှသည်။ ထိုရေလုပ်သားအဖွဲ့မှ ယခင်ကအိမ်ထောင်တစ်စုလျှင် ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်အမြတ် ယူ၍ရောင်းချပေးခဲ့သည်ဟု ကြားသိခဲ့ရသော်လည်း ယခုအခါ၌ ဤကဲ့သို့ရောင်းချပေးမှုများ မရှိတော့ချေ။ သို့သော်လည်း ထိုရေလုပ်သားအဖွဲ့မှ ဦးဆောင်၍ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရွာအနီးတွင် ဒီရေတော ထိန်းသိမ်းရေးဇုန်တစ်ခု သတ်မှတ် ထားရှိပြီး ၎င်းနယ်နိမိတ်အတွင်း ဝင်ရောက်၍ ငါးဖမ်းခြင်းကို ခွင့်မပြုချေ။ ရေလုပ်သား အများစုသည် ရေလုပ်ငန်းနှင့်သက်ဆိုင်သော သင်တန်းများ၊ ဟောပြောပွဲများ တက်ရောက်ခဲ့ရခြင်း မရှိချေ။ ငါးဖမ်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရန် လုပ်ဆောင်ရမည့် အချက်များအနေဖြင့် ကျဉ်စက်တို့ခြင်း၊ ဆေးခပ်ခြင်း၊ ငါးသားပေါက်ရာသီတွင် ငါးမဖမ်းရခြင်း နှင့် ထိန်းသိမ်းရေးဇုန်ထဲ၌ငါးမဖမ်းရခြင်း တို့ကိုတားမြစ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးခြင်း၊ လုပ်ငန်းသုံးကိရိယာများ ကူညီထောက်ပံ့ပေးခြင်း၊ ထိန်းသိမ်းရေးဇုန်များ တိုးချဲ့ပေးခြင်းတို့ ကိုပြုလုပ်ပေးပါရန် ရေလုပ်သားများက ပြောဆိုကြသည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

# အကြံပြုတိုက်တွန်းချက်များ

အချက်အလက်များ ကောက်ယူမေးမြန်းရာမှ တွေ့ရှိချက်များအရ CAfT Myanmar အနေဖြင့် အောက်ပါအချက်များကို အကြံပြုတိုက်တွန်းလိုပါသည်။

လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်း၊ ငါးဖမ်းဆီးရရှိမှုနှုန်း လျော့နည်းလာခြင်းတို့ကြောင့် ရေလုပ်သားများ၏ စားဝတ်နေရေး ပိုမိုခက်ခဲလာပြီး ငွေတိုးယူ၍လုပ်ကိုင်နေရသော ရေလုပ်ငန်းနှင့် ရေလုပ်သားများ ပိုမိုများပြားလာပါသည်။ ရေလုပ်သားများအား အသေးစားငွေချေးလုပ်ငန်းများဖြင့် ငွေကြေးထောက်ပံ့ခြင်း၊ စက်ပစ္စည်းကိရိယာများ ကူညီပံ့ပိုးခြင်းများ ပြုလုပ်သင့်ပါသည်။ အချက်အလက်ကောက်ယူခဲ့သော ကျေးရွာများတွင် ဒီရေတောထိန်းသိမ်းသည့်ဇုန် ပြုလုပ်ထားသော်လည်း ဒီရေတောထိန်းသိမ်းခြင်း၊ ရေသယံဇာတများ ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲခြင်း စသည့်အသိအမြင်များ နည်းပါးနေသေးပြီး ထိုအရာများနှင့်ပတ်သက်၍ ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်လာစေခြင်း၊ အသိပညာတိုးတက်စေရန် သင်တန်းပေးဆောင်ရွက်ပေးခြင်းများ ပြုလုပ်ရန် လိုအပ်နေပါသည်။ ရေလုပ်သားမိသားစုဝင်များတွင် ကျောင်းနေပညာလုံးဝမသင်ကြားခဲ့ရသူများ ရှိနေသေးခြင်း၊ အထက်တန်းအဆင့်ပညာ တတ်မြောက်ပြီးဆုံးသူနည်းပါးနေခြင်း စသည်တို့က ရေလုပ်သားများနှင့် ရေလုပ်သားမိသားစုဝင်များသည် ကျောင်းနေပညာရေးအားနည်းနေခြင်းကို ဖော်ပြနေပြီး ရေလုပ်သားကဏ္ဍတွင် ပညာရေးရင်းနှီးမြုပ်နှံမှုများ ပညာရေးအကူအညီအထောက်အပံ့များ ပြုလုပ်သင့်ပါသည်။ ရေသယံဇာတကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ကူညီထောက်မမှုဖြင့် အဘက်ဘက်မှ ပိုမိုနိမ့်ကျလာနေသော မြန်မာ့ရေလုပ်ငန်းအား ပြန်လည်ကုစားနိုင်ပြီး မြန်မာ့ရေလုပ်သားများအတွက် ကျန်းမာပျော်ရွှင်သော လူမှုအသိုက်အဝန်းရရှိပိုင်ဆိုင်စေနိုင်မည်ဟု CAfT Myanmar မှ မျှော်လင့်ပါသည်။